ရွာသာကျေးရွာ
ပလိုင်း ကျေးရွာအုပ်စု၊ရွှေဘိုမြို့နယ်
စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း
(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့
ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ရွာသာကျေးရွာ
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ရွှေဘိုမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၈

မာတိကာ

မာတိကာ

ရွာသာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) **အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ**

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

(ဇ) ကျား – မ ရေးရာ

(ဈ) လူငယ်ဖွံ့ဖြိုးရေး


၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ရွာသာကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ (၂) – ရွာသာကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

ရွာသာကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ရွှေဘိုမြို့နယ်



၁။ တည်နေရာနှင့် ပထဝီအနေအထား

ရွာသာကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၏ အနောက်တောင်ဘက် (၈)မိုင်ခန့်အကွာတွင် တည်ရှိသော ကျေးရွာဖြစ်ပါသည်။ ချီပါ-ပလိုင်း-ကွန်ဆိပ်ကားလမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိသည်။ ကျေးရွာသည် ညီညာသောမြေပြန့်တွင် တည်ရှိပြီး အကျယ်အဝန်းအား ဖြင့် (၂၄.၇)ဧက ကျယ်ဝန်းပါသည်။ ရွာ၏ အရှေ့ဘက်တွင် ရွာနှင့် ကပ်လျက် ချောင်းငယ်တစ်စင်း စီးဆင်းလျက် ရှိပါသည်။ **ချောင်းမှ သဲအနည်းငယ်၊ ကျောက်စလစ်အနည်းငယ် ရရှိပါသည်။**

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

နှစ်စဉ် မိုးရေချိန်လက်မ(၄၂)ခန့် ရရှိပါသည်။ သဘာဝပေါက်ပင်များမှာ တမာ၊ မန်ကျည်း၊ ဇီး၊ ကုက္ကို၊ သရက်၊ငှက်ပျောနှင့် ကန္တာရပင်များ စသော အပင်များပေါက်ရောက်သည်။ မိုးစပါး၊ နွေစပါးသီးထပ် စိုက်ပျိုးနိုင်သော လယ်(၆၁၃)ဧကရှိပြီး နွေရာသီတွင် နွေစပါးအပြင် ပဲတီစိမ်း၊ နှမ်း စသော သီးနှံများကိုလည်း အသင့် အတင့်စိုက်ပျိုးကြပါသည်။ ကျေးရွာရှိ လယ်မြေအားလုံးမှာ သဖန်းဆိပ်ဆည်ရေသောက်ဧရိယာအတွင်းရှိပြီး စိုက်ပျိုးရေအလုံအလောက်ရရှိနိုင်ပါသည်။ **အခြားသဘာဝ အရင်းအမြစ်များ အဖြစ် သဘာဝဆေးဖက်ဝင်အပင်များလည်း အနည်းငယ် ရရှိပါသည်။**

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ရွာသာရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအဖြစ် ကာကွယ်ရေး၊ လူမှုရေး၊ ဘာသာရေးအခြေပြု အဖွဲ့အစည်းများ စုစုပေါင်း (၇)ဖွဲ့ရှိကာ ဂေါပက၊ လူမှုရေးအဖွဲ့၊ မီးသတ်အဖွဲ့၊ အမျိုးသား အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ စာသင် ကျောင်း ကော်မတီ၊ ရပ်မိရပ်ဖအဖွဲ့တို့ဖြစ်ပါသည်။ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှုမှာလည်း အသင့်တင့်ရှိပါသည်။

ကျေးရွာလူငယ် မီးသတ်အဖွဲ့သည် နွေရာသီ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ပါသည်။ အမျိုးသားအမျိုးသမီးအဖွဲ့သည် ကျေးရွာတွင် သာရေးနာရေး၊ ကျေးရွာဖွံ့ဖြိုးရေးများတွင် အားတတ်သရော်ပါဝင်စုပေါင်းလုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် ရပ်မိရပ်ဖများဦးဆောင်မှုဖြင့် သာရေးနာရေးလူမှုရေးကိစ္စများအား ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်း ဆောင်ရွက်လေ့ ရှိကြပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် ယူနီဆပ်မှ ကျန်းမာရေးအတွက် ဆောင်ရွက်ပေးသည်များ ရှိပါသည်။ ခြုံငုံ၍သုံးသပ်ရလျှင် သာရေးနာရေး ကိစ္စများဆောင်ရွက်ရန် မိရိုးဖလာ ဖွဲ့စည်း ထားသော အဖွဲ့အစည်းများက အားကောင်းကြပြီး ကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည် ဆောင်ရွက်နိုင်မည့်

အဖွဲ့အစည်းစနစ် မရှိခဲ့သေးပါ။ သို့သော် ယခုအခါတွင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းကာ ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို စီမံကိန်းရေးဆွဲ ထားရှိပြီး ဖြစ်ပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ဗုဒ္ဓဘာသာ ဗမာလူမျိုးများနေထိုင်သော ရွာသာကျေးရွာတွင် အိမ်ထောင်စု (၁၈၀)အိမ်ရှိပြီး စုစုပေါင်းလူဦးရေမှာ ကျား(၃၆၁)ဦး၊ မ(၄၀၃)ဦး၊ စုစုပေါင်း (၇၆၄)ဦးဖြစ်ရာ တစ်အိမ်ထောင်းလျှင် လူဦးရေပျမ်းမျှ (၄)ဦးခန့်ရှိသည်။ ကျေးရွာ၏ လူဦးရေမှာ တစ်အိမ်ထောင်လျှင် (၅)ဦးအောက် ဖြစ်သဖြင့် တနိုင်ငံလုံးပျမ်းမျှလူဦးရေနှင့်ယှဉ်လျှင် လူသားရင်းမြစ်နည်းနေသေးသည့် အခြေအနေ ဖြစ်ပါသည်။ သို့သော် အလုပ်လုပ်နိုင်သော အရွယ်တွင် လူဦးရေ(၅၄၁)ဦးရှိကာ လူလတ်ပိုင်းများ သည်ဟု ဆိုနိုင်ပါသည်။

ရွာသာရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ မိုးစပါးအတွက် နိုင်ငံခြားဈေးကွက်ဝင် ရွှေဘိုပေါ်ဆန်းမွေး(ဘေးကြား)စပါးကို အများဆုံးစိုက်ပျိုးကြပါသည်။ နွေရာသီတွင် နွေစပါးအပြင် ပဲတီစိမ်း၊ နှမ်း စသော သီးနှံများကိုလည်း အသင့်အတင့်စိုက်ပျိုးကြပါသည်။ အိမ်ထောင်စုပေါင်း (၁၈၀)စုအနက် လယ်ယာပိုင်(ကိုယ်ပိုင်)လယ်သမားပေါင်း (၁၁၁)စုရှိပြီး မိသားစုလုပ်အား (၁၃၆)ယောက်ရှိသည်။ လယ်ယာပိုင်ဆိုင်မှုမရှိသော အိမ်ထောင်စုဦးရေမှာ (၆၉)စု ရှိသည့်အနက် အိမ်ထောင်စု ၆၇ အိမ်ထောင်စုမှာ ကျပန်းလုပ်ငန်းများလုပ်ကိုင်ပြီး အိမ်ထောင်စု(၂)စုမှာ ကုန်စုံဆိုင်၊ တိုင်းရင်းဆေးတို့ ဖြစ်ပါသည်။ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများဖြစ်သည့် လက်လီလက်ကား ရောင်းဝယ်ရေး၊လက်သမား၊ပန်းရံ၊ စက်ချုပ်၊ ယက္ကန်းလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသေးသည်။ လယ်ယာပိုင်ဆိုင်မှုမရှိသော ကျပန်းအိမ်ထောင်စုများသည် အဓိကရာသီပေါ်လုပ်ငန်းများကိုသာ မှီခိုလုပ်ကိုင်နေရပါသည်။ အကြမ်းအားဖြင့် ကောက်စိုက်၊ ပျိုးနှုတ် စသည့် လယ်ယာလုပ်ငန်းခွင် အတွက် လုပ်အားခမှာ အချိန်(ကြာချိန်)ပေါ်မူတည်၍ အမျိုးသားများအတွက် တစ်နေ့လျှင် အနိမ့်ဆုံး (၆၀၀၀)မှ အမြင့်ဆုံး (၁၀၀၀၀)ကျပ်အထိ ရရှိပြီး အမျိုးသမီးများမှာ တစ်နေ့လျှင် (၄၀၀၀)ကျပ်မှ (၈၀၀၀)ကျပ်အထိ လုပ်ငန်းခွင်ပေါ်မူတည်၍ ရရှိကြပါသည်။ အမျိုးသမီးများမှာ အခြားအသက်မွေးဝမ်းကျောင်းဖြစ်သော ယက္ကန်း၊ စက်ချုပ် စသည့် လုပ်ငန်းများကို စိုက်ပျိုးရေး လုပ်ငန်းနားချိန်တွင် လုပ်ကိုင်ခြင်းဖြင့် အမျိုးသမီးများအတွက် တဖက်တလမ်းမှ ဝင်ငွေ ရရှိစေပါသည်။

လယ်ယာစိုက်ပျိုးသူများအနေဖြင့် မိုးစပါး နွေစပါး သီးထပ်စိုက်ပျိုးကြပြီး စုစုပေါင်းစိုက်ဧက ၆၁၃ ရှိပါသည်။ မိုးစပါးတဧကလျှင် ပျမ်းမျှအထွက်နှုန်း တင်း ၈၀ ထွက်ရှိပြီး ဝါဆို၊ ဝါခေါင်လများတွင်

စတင်စိုက်ပျိုးကြပါသည်။ စိုက်ပျိုးသည့်မျိုးမှာ ရွှေဘိုပေါ်ဆန်း (ဘေကြား) ဖြစ်သဖြင့် စျေးအတင့်သင့်ရရှိပြီး အမြတ်အစွန်းမှာ အသင့်တင့်ရရှိပါသည်။ နွေစပါးကို တပေါင်း ၊ တန်ခူးလများတွင်စတင်စိုက်ပျိုးပြီး တဇကပျှမ်းမျှအထွက်နှုန်း တင်း ၈၀ ထွက်ရှိပါသည်။ ကျေးရွာသည် ဆည်ရေသောက်ဧရိယာအတွင်း ရှိသဖြင့် နွေ မိုး ဆောင်း စိုက်ပျိုးရေ လုံလောက်စွာ ရရှိနိုင်သည့် အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါသည်။ လယ်ယာသုံးစက်ကိရိယာများကိုလည်း ကျေးရွာတွင်းနှင့် ကျေးရွာပြင်ပများမှ ငှားရန်းသုံးစွဲနိုင်သည့် အခြေအနေကောင်းများလည်း ရှိပါသည်။

လယ်ယာစိုက်ပျိုးရေးအနေဖြင့် အားနည်းချက်များမှာ စပါးတစ်မျိုးတည်းကို မပြောင်းလဲဘဲ ကြာရှည်စွာစိုက်ပျိုးမှုကြောင့် ယင်းစပါးမျိုး၏ အထွက်နှုန်းလျော့နည်းလာခြင်း၊ ပိုးမွှားခံနိုင်ရည် စသည်တို့ကို ထိခိုက်လာစေခြင်းများ ကြုံတွေ့ရပါသည်။ ထို့အပြင် လယ်သမား အများစု၏ မိရိုးဖလာ စိုက်နည်းစနစ်များကြောင့်သော်လည်းကောင်း၊ ခါတ်မြေဩဇာသုံးစွဲမှု အချိုးအစားမမှန်ကန်မှု၊ ပိုးသတ်ဆေးများ အလွန်အကျွံသုံးစွဲမှုကြောင့်လည်းကောင်း မြေဆီလွှာ ပျက်ဆီးမှု မိတ်ဆွေအင်းဆက်များသေဆုံးခြင်းကို ကြုံတွေ့နေရပါသည်။ အကယ်၍ လက်ရှိမျိုးထက် ပိုမိုကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို အချိန်မီရရှိနိုင်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့် ကောင်းနည်းပညာသင်တန်းများ၊ သီးနှံစျေးကွက်ဆိုင်ရာအသိအမြင် ဟောပြောပွဲများ၊ စျေးကွက်အချိတ်အဆက်များ ရရှိလာပါက ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာ ပိုမိုအကျိုးဖြစ်ထွန်းလာမည် ဖြစ်ပါသည်။

စိုက်ပျိုးရေးကို အဓိကထားပြုလုပ်ကြသဖြင့် အခြားသားငါးထုတ်လုပ်မှု လုပ်ငန်းများ အားနည်းလှပါသည်။ လယ်ထွန်စက်များ အသုံးပြုမှု များလာသည်နှင့်အမျှ လယ်ယာမြေများတွင် ခိုင်းရန် ကျွဲ၊ နွား မွေးမြူ ရေးလုပ်ငန်းများလည်း အလွန်နည်းပါးသွားခဲ့ပါသည်။ နေရာထိုင်ခင်းရှားပါးမှု၊ စားကျက်မြေမရှိခြင်းတို့ကြောင့်လည်း တပိုင်တနိုင်ဝက် မွေးမြူရေးလုပ်ငန်း လုပ်သူ အိမ်ထောင်စု ၁၃ စုသာရှိပါသည်။ ငါးလုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု လုံးဝမရှိပါ။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ရွာသာကျေးရွာသည် ရွှေဘိုမြို့၏ အနောက်တောင်ဘက် (၈)မိုင်ခန့်အကွာ ချီပါ-ပလိုင်း-ကွန်ဆိပ်လမ်းမကြီး၏တောင်ဘက် မိုင်ဝက်ခန့်အကွာတွင် ရှိပါသည်။ ကျေးရွာအတွင်း စေတီ တစ်ဆူ၊ ဘုန်းကြီးကျောင်းတစ်ကျောင်းရှိကာ ကျေးရွာ ဘာသာရေး၊ ရပ်ရေးရွာရေးကိစ္စများတွင် သင့်လျော်သလို အသုံးပြုကြပါသည်။ **ရွာသာကျေးရွာ၊ မုတ်စီကျေးရွာနှင့် ဥပွုံကျေးရွာတို့မှ အသုံးပြုလျက်ရှိသော ကျေးရွာချင်းဆက်ကတ္တရာလမ်းရှိပါသည်။ ယခုအခါ ပျက်စီးနေသဖြင့်ကျန်းမာရေး လူမှုရေးကိစ္စများ**

သွာလာရာတွင် ခက်ခဲမှုများ ရှိပါသည်။ မူလတန်းကျောင်းတစ်ကျောင်းရှိကာ ကျန်းမာရေးစောင့်ရှောက်မှုအနေနှင့် အုပ်စုကျေးရွာ ကျေးလက်ဆေးပေးခန်းမှ ရရှိပါသည်။

ရွာသာကျေးရွာတွင် သောက်သုံးရေရရှိမှုအနေဖြင့် ရေတွင်း ၁၂၄ တွင်းရှိသည့်အတွက် ကျေးရွာရှိအိမ်ထောင်စုများအတွက် လုံလောက်မှု ရှိပါသည်။ ကိုယ်ပိုင်တွင်းမရှိသော အိမ်အချို့မှာ နီးစပ်ရာရေတွင်းများတွင် ပေါင်းစပ် အသုံးပြုကြပါသည်။ သောက်သုံးရေ အရည်အသွေးစနစ်တကျ စစ်ဆေး ထားခြင်းမျိုးမရှိပါ။

ရွာသာကျေးရွာသည် လျှပ်စစ်မဲတော်အားရရှိပါသည်။ သို့သော် လျှပ်စစ်မဲတော်အားမှာ ထရန်စဖောမာ 50KV ပဲရှိသဖြင့် လက်ရှိကျေးရွာအိမ်ထောင်စုအနေနှင့်ရော **မုန်စီကျေးရွာနှင့် နှစ်ရွာခွဲဝေသုံးစွဲနေရခြင်းအတွက်ကြောင့်** လျှပ်စစ်မဲတော်အားမှာ လုံလောက်မှုမရှိပါ။ **နှစ်ရွာပေါင်းအိမ်ထောင်စုအရေအတွက်မှာ (၂၇၀)ရှိနေပြီး လက်ရှိ လျှပ်စစ်မဲတော်အား သုံးစွဲခွင့်ရရှိ သည့် အိမ်ထောင်စုဦးရေ (၁၅၀)ရှိပါသည်။ ထိုကြောင့် လျှပ်စစ်မဲတော်အား မရရှိသည့် အိမ်ထောင်စုအရေအတွက်မှာ (၁၂၀) အိမ်ထောင်စု ရှိနေပါသေးသည်။ လျှပ်စစ်မဲတော်အား လုံလောက်စွာရရှိနိုင်ရေးအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ဦးစားပေးအနေနှင့် ထည့်သွင်းရေးဆွဲ ပြီး ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့မှ ကျေးလက်ဦးစီးဌာနသို့ တင်ပြ အစီရင်ခံထားပါသည်။**

ဆက်သွယ်ရေးအနေဖြင့် မိုဘိုင်းဖုန်းကို အများဆုံးအသုံးပြုပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းအရေအတွက်မှာ ၁၉၂ လုံးရှိပါသည်။ ထိုကြောင့် အိမ်ထောင်စုတိုင်းလိုလို မိုဘိုင်းဖုန်းအသုံးပြုနိုင်သည်ဟုဆိုနိုင်ပါသည်။ သတင်းအချက်အလက်များကိုမူ တီဗွီ၊ ဂြုလ်တုစလောင်းများမှ ရရှိပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ရွာသာကျေးရွာသည် ငွေကြေးဝန်ဆောင်မှုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေကို လယ်(၁)ဧကလျှင် (၁၅၀၀၀၀)ကျပ်ဖြင့် (၁၀)ဧကအထိ ချေးယူနိုင်ပါသည်။ ကျေးရွာတွင် ငွေကြေးဝန်ဆောင်မှုကို အခြားအဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု မရရှိပါ။ ကျေးရွာရှိ မွေးမြူရေးအတွက် မွေးမြူရေးသမဝါယမက တစ်အိမ်ထောင်စုလျှင် (၁)သိန်းကျပ် ထုတ်ချေးပါသော်လည်း ကျေးရွာမှာ မွေးမြူရေး အလွန်အားနည်းပါသောကြောင့် မွေးမြူရေးလုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်သာ ရရှိပါသည်။ **တောင်သူလယ်သမားများသာမကဘဲ ယက္ကန်းရက်လုပ်သည့် အိမ်ထောင်စုများ ယက္ကန်းလုပ်ငန်းများအဆင့်မြှင့်တင်ရန် နှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သည့် အိမ်ထောင်စုများအတွက် ရင်နှီးလုပ်ကိုင်နိုင်ရန် ပြင်ပငွေချေးအဖွဲ့များ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှပေးသော မြစိမ်းရောင်စီမံကိန်းမျိုးရရှိ**

မည်ဆိုပါက ကျေးရွာ၏ တဝိုင်တနိုင်လုပ်ငန်းများဖြစ်ထွန်းလာပြီး ကျေးရွာ၏ဝင်ငွေဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။

(ငါ) ပညာရေး

ရွာသာရွာတွင် အခြေခံမူလတန်းကျောင်းကို (၁.၆.၁၈၉၆)မှ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ကျောင်း၏ အကျယ်အဝန်းမှာ (၂.၆)ကေရှိပြီး ကျောင်းဆောင်(၂)ဆောင်ရှိပါသည်။ လက်ရှိတွင် ကျေးရွာမှ ကျား/မပေါင်း (၅၆)ယောက်နှင့် မုစ္စိကျေးရွာမှ ကျောင်းသား/သူများပါ လာရောက်ပညာသင်ကြားနေပါသည်။ **ရွာသာရွာတွင် စာမတတ်သူဦးရေ ၆ ဦးသာရှိသည့်အတွက် ကျေးရွာ၏ပညာရေးအဆင့်အတန်းမှာ ကောင်းမွန်သည်ဟု ဆိုနိုင်ပါသည်။** ယခုအခါ ပညာတတ် မြောက်များစွာပေါ်ထွက်လာသော ကျေးရွာတစ်ရွာဖြစ်ပြီး သွားဘက်ဆိုင်ရာ ဆရာဝန် (၁)ဦး၊ မွေးမြူရေးဆိုင်ရာ တိရစ္ဆာန်ကုဆရာဝန်(၄)ဦး အပြင် အခြားကဏ္ဍအသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဘွဲ့ရများစွား မွေးထုတ်နိုင်ခဲ့ပါသည်။

ယခုအခါကျေးရွာရှိ မူလတန်းကျောင်းတွင် ကျေးရွာချင်းနီးကျေးရွာများကပါ လာရောက်ပညာသင်ကြသဖြင့် တစ်နှစ်ထက်တစ်နှစ် ကျောင်းသားဦးရေ တိုးပွားလာပါသည်။ ထိုကြောင့် တိုးပွားလာသောကျောင်းသားဦးရေနှင့်အညီ ကျောင်းဆောင်သစ်လိုအပ်မှုလည်း ရှိလာ ပါသည်။ အားကစားပစ္စည်းများလည်း လုံလောက်မှုမရသေးပါ။ အသက်မွေးဝမ်းကျောင်း ကျွမ်းကျင်မှုသင်တန်းများအနေဖြင့် ယက္ကန်းရက်လုပ်တတ်သူအနည်းငယ်ရှိပြီး ကျန် အသက်မွေးဝမ်းကျောင်းပညာ နိမ့်ကျဆဲဖြစ်ပြီး ကျေးရွာလူငယ်များအတွက် အလုပ်ကိုင်ခွင့်လမ်းများ နည်းပါးသေး သည်။

(စ) ကျန်းမာရေး

ရွာသာကျေးရွာသည် ပလိုင်းရွာ၏အရှေ့ဘက် (၁)မိုင်ကျော်အကွာတွင်တည်ရှိပြီး ပလိုင်းကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ဆောင်မှုများ အသင့်အတင့်ရရှိသလို ကျေးရွာအရှေ့ဘက် ၂မိုင်ခန့်အကွာရှိ လုံးတော်ကျေးရွာမှ ကျေးလက်ကျန်းမာရေးဌာနခွဲရှိ ဆရာဆရာမများမှ ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ကလေးငယ်များအတွက် ကာကွယ်ဆေး ထိုးပေးခြင်းများ ရှိကြပါသည်။ ကျေးရွာလူထုတွင် ရာသီပြောင်းတုပ်ကွေးဖျား နာနှင့် သွေးတိုး၊ ဆီးချို စသော ရောဂါများ အဓိက အဖြစ်များပါသည်။ ယင်းတို့ ဖြစ်ပွားရခြင်းမှာ ကျေးရွာတွင်း သန့်ရှင်းမှုအားနည်းခြင်း၊ ကျန်းမာရေးအသိအမြင်နည်းပါးခြင်း၊ ကျန်းမာရေးနှင့်မကိုက်ညီသော အစားအသောက်များ စားသုံးခြင်းတို့ကြောင့် ဖြစ်သည်။ ရွှေဘိုမြို့နှင့် (၈)မိုင်ခန့် ကွာဝေးသော ကြောင့် အရေးပေါ်ကျန်းမာရေးအခြေအနေအတွက် ခက်ခဲမှုရှိနိုင်သည်ဟု ဆိုနိုင်ပါသည်။

အာဟာရအနေဖြင့် ဆိုးရွားသည့်အခြေအနေ ကြုံတွေ့ရသည့် အနေအထားမရှိဘဲ မိသားစုတိုင်းနီးပါး တစ်နေ့လျှင် ၃ ထပ်စားနိုင်သော မိသားစုများသာ များပါသည်။

ကျေးရွာတွင် ရွာပတ်ဝန်းကျင်သန့်ရှင်းရေးကို စုပေါင်းလုပ်ဆောင်မှု အားနည်းလျက်ရှိ ပါသည်။ အိမ်တွင်းစွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် စည်းကမ်းရှိမှု အားနည်းလျက်ရှိပါသည်။ အိမ်ထောင်စု(၁၈၀)တွင် ယင်လုံအိမ်သာ (၁၂၆)နှင့် အိမ်သာမရှိ(၅)စု ရှိပါသည်။ ကျန်ရှိသော အိမ်ထောင်စုများမှာ (မိဘအိမ်)စသည်တွင် တွဲ၍ သုံးကြခြင်းဖြစ်ပါသည်။ သို့သော် အိမ်သာမရှိသော အိမ်ထောင်စုများမှာ လယ်ကွင်းများတွင်သော်လည်းကောင်း၊ အချို့မှာ ရွာပတ်ဝန်းကျင်တွင် နေထိုင်ကြသဖြင့် အိမ်သာမရှိဘဲ လယ်ကွင်းများ၊ အခြားနေရာများတွင် အသုံးပြုနေကြသူများလည်း ရှိပါသည်။ သို့သော် သန့်ရှင်းရေးနှင့် ဆက်စပ်ပြီး ပြင်းထန်သည့် ကူးစက်ရောဂါဖြစ်ပွားမှုမျိုး မကြုံတွေ့ရဖူးပါ။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ရွာသာကျေးရွာ၏ ပတ်ဝန်းကျင်အားလုံးတွင် လယ်ယာမြေများဖြစ်ပါသည်။ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သော်လည်း ဓါတ်မြေဩဇာများ ပိုမိုများပြားစွာ သုံးစွဲလာရခြင်း၊ တစ်နှစ် လျှင် နှစ်သီးစား စိုက်ပျိုးလာခြင်းကြောင့် မြေပြင်ချိန်၊ မြေလှပ်ချိန်နည်းပါး၍ မြေဆီလွှာအခြေအနေ ပျက်စီးခြင်း၊ ပိုးသတ်ဆေးများနည်းစနစ်မှန်မှန်သုံးစွဲမှု အားနည်းခြင်း တို့ကြောင့် မိတ်ဆွေပိုးများသေကြေခြင်းများ ဖြစ်ပေါ်လာသည်ကို တွေ့ရပါသည်။ ကျေးရွာတွင် ရန်ဖန်ရန်ခါ ရေကြီးခြင်းများ ဖြစ်ပေါ်ခြင်းကြောင့် လမ်းများပျက်စီးခြင်း၊ စိုက်ပျိုးထားသော လယ်ယာအချို့ ပျက်စီးဆုံးရှုံးရပါသည်။

(ဇ) ကျား – မ ရေးရာ

ကျေးရွာရှိ အမျိုးသမီးများသည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင် တက်ကြွစွာ ပါဝင်ဆောင် ရွက်ကြသော်လည်း ရပ်ရွာအရေးပါသော ဆုံးဖြတ်ချက်များကို ဦးဆောင်ချမှတ်ရာ တွင် ပါဝင်မှု အားနည်းလှပါသည်။ ကျေးရွာတွင် ရပ်ရေးရွာရေး ကိစ္စများ၊ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံ ခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီး များပါဝင်နိုင်မှု အခွင့်အရေး ရှိပါသော်လည်း ပါဝင်မှုအခန်းကဏ္ဍ အားနည်းလျက် ရှိကြောင်း တွေ့ရှိရပါသည်။

လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း စသည့် လုပ်ငန်းများ လုပ်ကိုင် ကြပြီး စိုက်ပျိုးရေးပြီးချိန် အားလပ်ချိန်များတွင် အမျိုးသမီးများမှာ ယက္ကန်းရက်လုပ်ခြင်းများ လုပ်ကိုင်ကြပါသည်။ ဘာသာရေး

အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များတွင်လည်း အမျိုးသမီးများသည် အမျိုးသားများ နှင့်အတူ ပူးပေါင်းဆောင်ရွက်မှုရှိကြကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) **လူငယ်ဖွံ့ဖြိုးရေး**

လူငယ်များက နာရေးကူညီမှုအဖွဲ့ကို ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ (၂)ရက်နေ့၊ စနေနေ့မှ စတင်ဖွဲ့စည်း၍ ကျေးရွာအရေးကိစ္စများကို ဆောင်ရွက်ခဲ့ကြပြီး ယခုအချိန်အထိ ကောင်းမွန်စွာ ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။ ကျေးရွာရှိ လူငယ်အဖွဲ့သည် ရပ်မိရပ်ဖ အုပ်ချုပ်ရေးပိုင်းနှင့် တွဲဖက်လုပ်ဆောင်သည့် အလေ့အထရှိကြသည်။ လူငယ်များသည် ရပ်ရွာ၏ သာရေးနာရေးကိစ္စများ ကို စုပေါင်းလုပ်ဆောင်သည့် အလေ့အထကောင်းများ ရှိပါသည်။ စိုက်ပျိုးရေးကာလ ပြီးဆုံပါက အလုပ်အကိုင်နည်းပါးခြင်းပြဿနာကြောင့် ကျေးရွာရှိ လူငယ်အများစု အလုပ်အကိုင်မရှိဘဲ ဖြစ်နေ ရပါသည်။ လူငယ်များသည် အားကစားကွင်း၊ အားကစားပစ္စည်းများ မရှိခြင်းကြောင့် အားကစားနှင့် ပတ်သက်၍ အားနည်းလှ ပါသည်။ ကျေးရွာတွင် လူငယ်များ စာပေလိုက်စားမှုအချိန်ထက် ဝင်ငွေရရှိရန် အလုပ်လုပ်ကိုင်နေကြရခြင်း၊ ရရှိသည့်အားလပ်ချိန်တွင်လည်း စာဖတ်ရန် ဗဟုသုတ စာပေစာအုပ် များမရှိခြင်းနှင့် အဆောက်အဦနေရာ အတည်တကျမရှိခြင်း၊ **အင်တာနက်သုံးစွဲမှုများခြင်း တို့ကြောင့်** စာပေဗဟုသုတပိုင်းတွင် အားနည်းလာပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း		အဆင့်
၁	ကျေးရွာမီးလင်းရေး	200 KVA ထရန်စဖော်မာဝယ်ယူတပ်ဆင် ခြင်း။	50	၁
၂	ကျေးလက်လမ်းတံတား	ရွာအဝင်လမ်းကွန်ကရစ်လမ်းခင်းခြင်း၊	37	၂
၃	ကျေးလက်လမ်းတံတား	ရွာတွင်းလမ်း ကျောက်ချောလမ်း ပြုပြင်မွမ်းမံခြင်း။	34	၃

၄	ကျေးလက်လမ်းတံတား	ကွက်သစ်လမ်းမှကန်ရိုးထိမြေသားလမ်း ဖောက်ခြင်းနှင့် ချောင်းကူး တံတားတည်ဆောက်ခြင်း။	31	၁၀
၅	ပညာရေး	KG ကျောင်းဆောင်သစ် တိုးချဲ့ခြင်း။	31	၄
၆	ပညာရေး	မူလတန်းကျောင်းအတွင်း ရေစုကန် တည်ဆောက်ခြင်း (၈၀၀ ဂါလံ)	30	၅
၇	ပညာရေး	မူလတန်းကျောင်းတောင်ဘက်နှင့်အရှေ့ဘက်အုတ်တံတိုင်းကာရံခြင်း။	27	၉
၈	လူငယ်ဖွံ့ဖြိုးရေး	စာကြည့်တိုက်တည်ဆောက် ခြင်း။ လူငယ်များစာပေဗဟုသုတ လက်လှမ်းမီမှုရရှိလာအောင် ပြန်ဆက်ဌာန နှင့်ချိတ်ဆက်၍ စာပေဟောပြောပွဲများ၊ စာအုပ်စာပေများရရှိလာအောင် ချိတ်ဆက် ဆောင်ရွက်ခြင်း။	26	၆
၉	စိုက်ပျိုးရေ	ရေကျော်ရှပ် တားတည်ဆောက်ခြင်း။	24	၇
၁၀	စိုက်ပျိုးရေး (သီးနှံ)	ပိုးသတ်ဆေးဖြန်းအသုံးပြုနည်း စိုက်ပျိုးရေးနည်းပညာသင်တန်းဖွင့်လှစ်ပေးခြင်း။	23	၁၂
၁၁	စိုက်ပျိုးရေး (သီးနှံ)	စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်၍မျိုးကောင်းမျိုးသန့် ရရှိအောင် ဆောင်ရွက်ခြင်း။	21	၁၁
၁၂	ကျန်းမာရေး	ကျန်းမာရေးဆေးပေးခန်းတည်ဆောက်ခြင်း	18	၈
၁၃	စိုက်ပျိုးရေးမွေးမြူေး မဟုတ်သော	အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများပေးခြင်း (စက်ချုပ်၊ အလှပြင်၊ စက်ယက္ကန်း၊ စက်ပြင်၊ယာဉ်မောင်း၊)	8	၁၃

နောက်ဆက်တွဲ (၁)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

ပြဿနာ/ အခက်အခဲ		ဖြစ်ရသည့်အကြောင်းရင်း	အခြေအနေကောင်း	ဟန့်တား	ဖြေရှင်းနိုင်သည့်နည်းလမ်းများ	အဆိုပြုစီမံချက်လုပ်ငန်းများ
၁	**စိုက်ပျိုးရေး (သီးနှံ)**					
	စိုက်ပျိုးရေးတွင် သီးနှံအထွက်နှုန်းနည်းခြင်း။ သီးနှံများ သယ်ယူရာတွင် ခက်ခဲမှုရှိခြင်း။ ဈေးကောင်းမရရှိခြင်း။	မျိုးကောင်းမျိုးသန့် မရရှိခြင်း၊ စိုက်ပျိုးရေးဆေးဝါးများသုံးစွဲနည်း မသိရှိခြင်း၊ သီးနှံအလိုက်စိုက်ပျိုးရေးဆိုင်ရာနည်းစနစ်ကောင်းများနားမလည်ခြင်း။ သီးနှံများ သယ်ယူရာတွင် ကုန်ထုတ်လမ်း မရှိသည့်အတွက် သယ်ယူရာတွင် ခက်ခဲမှုရှိခြင်း၊ သယ်ယူစရိတ်ပိုကုန်ကျခြင်း၊	စိုက်ပျိုးရေအတွက် ဆည်ရှိပါသည်။ စပါး၊ ရာသီအလိုက် သီးနှံများစိုက်ပျိုးဖြစ်ထွန်းနိုင်သော လယ်ယာမြေများ ရှိပါသည်။ စိုက်ပျိုးရေဦးစီးဌာနလက်အောက်ရှိ ချီပါမျိုးသန့်ခြံလည်း ရှိပါသည်။ စိုက်ပျိုးရေးစက်ကိရိယာများကိုလည်း ကျေးရွာတွင်း ဌားရမ်းသုံးစွဲနိုင်ပါသည်။ ကုန်ထုတ်လမ်းဖောက်ရန် မြေနေရာပေးနိုင်ပါသည်။	စိုက်ပျိုးရာသီအချိန်မှီ မျိုးကောင်း၊ မျိုးသန့်များ မရရှိခြင်း။ စိုက်ပျိုးရေးဌာနနှင့် ချိတ်ဆက်မှုအားနည်းနေသေးခြင်း။ ကုန်ထုတ်လမ်းကောက်လုပ်ရန် ငွေကြေးမတတ်နိုင်သေးခြင်း။	ကျေးရွာရှိလယ်သမားများစုစည်းပြီး စိုက်ပျိုးရေးဌာန နှင့် ချိတ်ဆက်၍ သီးနှံများအထွက်နှုန်းကောင်းလာရန် နှင့် ဈေးကောင်းရရှိနိုင်ရေး ဆွေးနွေးတင်ပြဆောင်ရွက်မည်	မျိုးကောင်းမျိုးသန့်ရရှိရေးနှင့်စိုက်ပျိုးရေး အလေ့ အကျင့်ကောင်းဆိုင်ရာ ပညာပေးအစီအစဉ်များ ပေးခြင်း။ ၁။ မျိုးကောင်းမျိုးသန့် အချိန်မှီရရှိရန် ချီပါမျိုး သန့်ခြံနှင့် ချိတ်ဆက် ဆောင်ရွက်မည်။ ၂။ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်နည်းလမ်းကောင်းများ (GAP) သင်တန်း နှင့် သီးနှံဈေးကွက်ဆိုင်ရာပညာပေးဟော ပြောပွဲ များ ကျင်းပခြင်း။

၂	**စိုက်ပျိုးရေး (စိုက်ပျိုးရေ)**					
	သီးနှံစိုက်ပျိုးရန် စိုက်ပျိုးရေ မလုံလောက်ခြင်း	ဆည်မှ ရေသောက်မြောင်းရှိသော်လည်း ရေကျော်ရှပ်တားမရှိခြင်း ကြောင့် ရေကို လိုအပ်သည့်အချိန်လိုသလို မရခြင်း။ ယခုအခါတွင် ရေမြောင်းမှရေလာသလောက်သာသုံးစွဲနေရပါသည်။	စိုက်ပျိုးရေအတွက် ဆည်ရှိပါသည်။ ဝါတာ (၄) ရေသောက်မြောင်းမှ ရေကိုသုံးပြု၍ စိုက်ပျိုးနေသော ရေသောက် ၈က (၃၀၀) ရှိပါ သည်။	ရေကျော်ရှပ်တားပြုလုပ်ရန် ငွေကြေးခက်ခဲခြင်း။	ဆည်မြောင်းဦးစီးဌာန နှင့် ချိတ်တက်၍ ရေကျော်ရှပ်တားရရှိရန် ဆွေးနွေးဆောင်ရွက် မည်။	စိုက်ပျိုးရေ လုံလောက်အောင်ရရှိ အောင်ဆောင်ရွက်ခြင်း ၁။ ဝါတာ (၄) ရေမြောင်းအား ရေကျော်ရှပ် တားပြုလုပ် ဆောင်ရွက်ခြင်း။
၃	**ပညာရေး**					
	မူလတန်းကျောင်း ကျောင်းအဆောက်အဦ မပြည့်စုံ ခြင်းနှင့် သောက်သုံးရေ မလုံလောက်ခြင်း	ရွာနီးချင်းကျေးရွာများမှ KG ကျောင်းသားများ လာရောက်တတ်ရောက်ကြသဖြင့် KG ကျောင်း သာဦးရေတိုးလာခြင်း။ မူလတန်းကျောင်း အရှေ့ဘက်ခြမ်းနှင့် တောင်ဘက်ခြမ်း အကာအရံမရှိခြင်း၊	မူလတန်းကျောင်း အနောက်ဘက်နှင့် မြောင်ဘက် ကာရံပြီးစီးခြင်း။	ကျောင်းအ ဆောက်အဦ တိုးချဲ့ရန် ငွေကြေးမပြည့် စုံခြင်း	ကျောင်းကော်မတီမှ တဆင့် ပညာရေးဌာန နှင့် ချိတ်ဆက်၍ စာသင်ကျောင်းဆောင် အဆောက်အဦပြည့်စုံအောင် ဆောင်ရွက်သွားမည်။	မူလတန်းကျောင်းဆောင်အ ဆောက်အဦပြည့်စုံ အောင်ဆောင်ရွက်ခြင်း ၁။ KG ကျောင်းဆောင်သစ် တိုးချဲ့ခြင်း။ ၂။ ကျောင်းခြံစည်းရိုး ကာရံခြင်း။ ၃။ သောက်သုံးရေ ရေစုကန် တည်ဆောက်ခြင်း

		စာသင်ကျောင်းအတွင်း သောက်သုံးရေ ရေစုကန်သေးငယ်နေခြင်း။				
၄	**ကျန်းမာရေး**					
	ရာသီအလိုက် တုတ်ကွေး၊ ဖျားနာ၊သွေးတိုး၊ဆီချို၊ ဝမ်းပျက်၊ဝမ်းလျှော၊ ဋ္ဌက်ဖျားရောဂါ နှင့် အရေးပေါ် ကျန်းမာရေး အခြေအနေများ ဖြစ်ပွားသည့်အခါတွင် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းခြင်း	ကျေးလက်ဆေးပေးခန်းမရှိခြင်း ဆေးပေးခန်းနှင့် သုံးမိုင်ခန့်ဝေးခြင်း	ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များ အတွက်တလတခါ ကာကွယ်ဆေးထိုးပေးခြင်းမျာ ကို ကျန်းမာရေးဦးစီးဌာနက ကျေးရွာတွင် လုပ်ဆောင်ပေးလေ့ရှိပါသည်။	ကျေးလက်ဆေးပေးခန်းတည် ဆောက်ရန်ငွေ ကြေးမပြည့်စုံခြင်း။ ကျန်းမာရေးဆရာ၊ဆရာမ များကျေးရွာကို အမြဲမလာနိုင်ခြင်း။	ကော်မတီဖွဲ့၍ ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း	ကျန်းမာရေးဌာနနှင့် ချိတ်ဆက်၍ ကျန်းမာရေးဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း ၁။ ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်း။
၅	**ကျေးရွာမီးလင်းရေး**					
	ကျေးရွာတွင် လျှပ်စစ်ဓါတ်အား မလုံလောက်ခြင်း	50 kv ဓါတ်အားရှိ ထရန်စဖောမာဖြင့် အိမ်ထောင်စု အားလုံးကိုလျှပ်စစ်ဓါတ်	50 kv လျှပ်စစ်ဓါတ် အားရှိ ထရန်စဖောမာ ရှိခြင်း။	လျှပ်စစ်ဓါတ်အား လူလောက် စွာပေးနိုင်သည့် ထရန်စဖောမာ	မီးလင်းရေးဆပ်ကော်မတီဖွဲ့စည်းပြီး လျှပ်စစ်ဌာန နှင့်ချိတ်ဆက်ကာ လျှပ်စစ်ဓါတ်အား လူလောက် စွာပေးနိုင်သည့်	လျှပ်စစ်ဓါတ်အားလုံလောက်စွာ ရရှိအောင် ဆောင်ရွက်ခြင်း ၁။ မီးလင်းရေးဆပ်ကော်မတီဖွဲ့စည်း၍ 200 kv

		အားမပေးနိုင်ခြင်း။		ဝယ်ယူရန် ငွေကြေးမပြည့်စုံခြင်း	ထရန်စဖောမာ ရရှိအောင်ဆောင်ရွက်သွားမည်။	ထရန်စဖောမာဝယ်ယူတပ်ဆင်ခြင်း။
၆	**စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ**					
	အလုပ်အကိုင်အခွင့်အလမ်း နည်းပါးလာခြင်း	ရာသီပေါ်စိုက်ပျိုးရေးလုပ်ငန်းများကိုသာ မှီခိုနေရခြင်း။ ကျေးရွာတွင်းလက်ယက္ကန်းလုပ်ငန်းများရှိသော်လည်း တွင်ကျယ်စွာ မလုပ် နိုင်ခြင်း။ တပိုင်တနိုင်လုပ်ငန်းလုပ်ချင်သူများအတွက်လည်း ငွေကြေးရင်းနှီးမှု မရှိခြင်း။ လက်မှုပညာ(လက်သမား၊ ပန်းရံ၊စက်ချုပ်၊ စက်ပြင်၊ ယဉ်မောင်း) တတ်မြောက်သူဦးရေ နည်းပါးခြင်း။	လက်ယက္ကန်းယက်လုပ်နိုင်သူရှိခြင်း အလုပ်လုပ်နိုင်သောလူဦးရေများပြားခြင်း	ငွေကြေးနှင့် နည်းပညာအားနည်းခြင်း။	ရွာပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လုပ်အကိုင်အခွင့်အလမ်းများ ရရှိအောင် ဆောင်ရွက်ခြင်း။	အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း ၁။ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများပေးခြင်း (စက်ချုပ်၊ စက်ပြင်၊စက်မောင်း၊ လက်သမား၊ပန်းရံ)
၇	**ကျေးလက်လမ်း၊ တံတား**					
	ကျေးရွာအဝင်လမ်းနှင့် ရွာတွင်းလမ်း	အဝင်လမ်းကတ္တရာလမ်းဖြစ်သော်လည်း	ကျေးရွာရှိ ထော်လာဂျီပိုင်ဆိုင်သူများမှ	ငွေကြေးခတ်ခဲမှုရှိပါသည်။	ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ဖွဲ့စည်းပြီး ကျေးလက်လမ်းပန်းဆက်သွယ်	လမ်းပန်းဆက်သွယ်ရေးရေရှည်ကောင်းမွန်အောင်

	များမကောင်းခြင်း	ရေကြီးမှုကြောင့် မြေသားဖို့ဖွက်နစ် သွားလာရ အဆင်မပြေခြင်း။ ရွာတွင်းလမ်း မြေသားလမ်းများ ဖြစ်ခြင်းကြောင့် ဗွက်ထ သွားလာရ မလွယ်ကူခြင်း။	သဲများသယ် ယူရာတွင် ပါဝင်ကူညီနိုင်ပါသည်။ လုပ်အားလည်း ပါဝင်ကူညီနိုင်ပါသည်။ ကျေးရွာရန်ပုံငွေ အချို့ကောက်ခံရရှိနိုင် ပါသည်။		ရေးကောင်းမွန်အောင်ဆောင်ရွက် မည်။ လမ်းပျက်စီးပါက ပြင်ပြင်နိုင်ဂုန် လမ်းအသုံးပြုခ ရန်ပုံငွေကောက်ခံရေးအဖွဲ့ ဖွဲ့စည်းခြင်းများ ပြုလုပ်ဆောင် ရွက်မည်။	ဆောင်ရွက်ခြင်း ၁။ ရွာအဝင်မှ ရွာထိပ်ထိ (၂၅၀၀')အရှည် ၊ ၂၀'ရှိ သော ကတ္တရာလမ်း အား ပြုပြင်ခြင်း၊ ၂။ ရွာတွင်းလမ်း တစ်ပတ်လုံး (၃၇၀၀'×၁၈' ×၆") ကျောက်ချောလမ်း အဆင့်မြှင့် တင်ခြင်း။ ၃။ကွက်သစ်လမ်းမှကန်ရိုးထိပြေ ြေသားလမ်း (၂၅၀၀'၊၁၈'၊၁') ဖောက်ခြင်းနှင့် ချောင်းကူး တံတားတည်ဆောက်ခြင်း။ (၂၅'၊၁၅'၊၁၅')
၈	**လူငယ်ဖွံ့ဖြိုးရေး**					
	ကျေးရွာတွင် လူငယ်များစာပေဗ ဟုသုတလက်လှမ်း မီမှုအားနည်းသည်။	စာပေလိုက်စားမှုအချိန် ထက် ဝင်ငွေရရှိရန် အ လုပ်လုပ်ကိုင်နေကြရသ ည်။ ရရှိသည့်အားလပ်ချိန်တွ င်လည်း စာဖတ်ရန် ဗဟုသုတစာပေစာအုပ် များမရှိခြင်းနှင့်	ကျေးရွာတွင် စာပေဗဟုသုတလေ့ လာလိုက်စားလိုစိတ် ရှိသော လူငယ်များစွာ ရှိပါသည် စာဖတ်ရန် အဆောက် အဦအတွက် မြေနေရာ ရှိပါသည်။	စာအုပ်စာပေရ ရှိရေးအတွက် ကျေးရွာတွင် ဦးဆောင်မည့်သူ မရှိ၊ ငွေကြေးဝန် ဆောင်မှု မရှိပါ။	ကျေးရွာအကြီးအကဲများဦးဆော င် ဦးရွက်ပြုပြီး လူငယ်များပူး ပေါင်းပါဝင်၍ ကျေးလက်စာပေဗ ဟုသုတ တိုးပွားရေး ဆောင်ရွက် ကြရပါမည်။	ကျေးလက်စာပေဗဟုသုတ တိုးတတ်ရေးအစီအစဉ်များ ဆောင်ရွက်ခြင်း ၁။ စာကြည့်တိုက်တည်ဆောက် ခြင်း။ ၂။ လူငယ်များစာပေဗဟုသုတ လက်လှမ်းမီမှုရရှိလာအောင်

		အဆောက်အဦနေရာ အတည်တကျမရှိ ပါ။ **အင်တာနက်သုံးစွဲမှု များကာ စာဖတ်နှုန်း ကျဆင်းလာခြင်းများလ ည်း ရှိပါသည်။**				ပြန်ဆက်ဌာန နှင့်ချိတ်ဆက်၍ စာပေဟောပြောပွဲများ၊ စာအုပ်စာပေများရရှိလာအော င် ချိတ်ဆက် ဆောင်ရွက်ခြင်း။

ရွာသာ – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၅	၁၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၂၁	၂၆	၄၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၂၉	၁၉	၄၈
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၂၈	၃၁	၅၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၂၅၅	၂၈၆	၅၄၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၂၁	၃၆	၅၇
စုစုပေါင်း		**၃၆၁**	**၄၀၃**	**၇၆၄**
စုစုပေါင်း အိမ်ထောင်စု		**၁၈၀**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ရွာသာရွာ၏တစ်အိမ်ထောင်စုဇယားကောက်ယူရာ ကျေးရွာတွင် နို့စို့အရွယ် အလွန်နည်း ပါးပြီး အလုပ်လုပ်နိုင်သည့်အရွယ် များစွာရှိပါသည်။ အလုပ်အကိုင်အခွင့်အလမ်းရှားပါးခြင်း၊ စီးပွားရေးမပြေလည် ခြင်း၊သန္ဓေတာဆေးများသုံးစွဲခြင်းတို့ကြောင့်နို့စို့အရွယ် နည်းပါးရခြင်းဖြစ်ပါသည်။ အလုပ်လုပ်နိုင်သည့် ရွယ်များသော်လည်း စိုက်ပျိုးရေးလုပ်ငန်းတစ်ခုသာ လုပ်ကိုင်နိုင်ပြီး အခြားအလုပ်အကိုင် အခွင့်အလမ်း ရှားပါးလှပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	လယ်ယာစိုက်ပျိုးရေး				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၁၁၁	၁၃၆		မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း			၁၃	မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း			၂	မြင့် ☐ လတ်☐ နိမ့် ☒
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း			၂၇	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၅	မြင့် ☐ လတ်☐ နိမ့် ☒
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂		မြင့် ☐ လတ်☒ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း				☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၆၇		၁၃၃	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း				မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း	**၁၈၀**	**၁၃၉**	**၁၈၀**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"**ကဏ္ဍ

၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ တစ်အိမ်ထောင်စုစီ၏ သတင်းအချက်အလက်များကောက်ယူရာတွင် အလုပ်အကိုင် တိကျစွာ မဖော်ပြနိုင်သော ကျပန်းလုပ်ကိုင်သူ အိမ်ထောင်စုများမှာ တရွာလုံးစုစုပေါင်းအိမ်ထောင်စု၏

သုံးပုံတစ်ပုံခန့် ရှိပါသည်။ မွေးမြူရေးမှာ တဝိုင်တနိုင်မွေးမြူရေးလုပ်ငန်းကို စိုက်ပျိုးရေးနှင့်တွဲဘက်လုပ်ကိုင်သော အိမ်ထောင်စုအနည်းငယ်သာ ရှိပါသည်။ ကျန်းမာရေးလုပ်ငန်း အနေဖြင့် တိုင်းရင်းဆေးလုပ်ကိုင်သူ ကိုယ်ပိုင်တစ်ဦးကိုသာ တွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်မှန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၄၀၀၀	၄၀၀၀	၂၀၀၀	၂၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား				
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား				
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား				
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၄၀၀၀	၄၀၀၀	၂၀၀၀	၂၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၅၀၀၀	၃၀၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား				
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၄၀၀၀	၄၀၀၀	၂၀၀၀	၂၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား				
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လုပ်အားခန့်မှန်းထားများကို ကျား/မဟူ၍ ခွဲခြားထားခြင်းမရှိပါ။ လုပ်ငန်း

အမျိုးအစားအလိုက် အချိန်အလိုက် ခွဲခြားထားရာ တစ်နာရီ(၅၀၀)ကျပ်ဖြင့် သတ်မှတ်ထားရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၆၁၃	ကောင်း ☒	သင့်☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	၁	ကောင်း ☐	သင့်☒	ညံ့ ☐
ဥယျာဉ်ခြံမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
ခနိတောမြေ		ကောင်း ☐	သင့်☐	ညံ့ ☐
စားကျက်မြေ		ကောင်း ☐	သင့်☐	ညံ့ ☐
မြေလွတ် မြေလပ်		ကောင်း ☐	သင့်☐	ညံ့ ☐
စုစုပေါင်း	၆၁၄	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊

(၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ရွာသာရွာတွင် ဧရိယာ(ဧက) (၆၁၄)ရှိပြီး လယ်မြေမှာ (၆၁၃)ဧကဖြစ်ပြီး ယာမြေမှာ (၁)ဧကသာ ရှိခြင်းကြောင့် လယ်မြေအားလုံးမှာ ဆည်ရေသောက်များဖြစ်ပြီး မြေဆီလွှာကောင်းသော်လည်း မျိုးကောင်းမျိုးသန့်မရရှိမှု၊ တောင်သူ များ စိုက်ပျိုးရေးအသိပညာနည်းပါးမှုကြောင့် သီးနှံများအထွက်နှုန်းလျော့နည်းမှု ရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ☑	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☒ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ☒ မရှိ ☐	လွယ် ☐ ခက်☒ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ☒	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ရွာသာရွာ၏ အခြားသဘာဝအရင်းအမြစ်များအဖြစ် ကျေးရွာအရှေ့ဘက်ရှိ ချောင်းမှသဲအနည်းငယ်၊ ကျောက်စလစ်အနည်းငယ်နှင့် သဘာဝဆေးဖက်ဝင်အပင်များ အနည်းငယ် ရရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ - ၂၀ဧက	၃- ၁၀ ဧက အောက်	၃ဧက အောက်	-
အိမ်အခြေအနေ	အာရ်စီတိုက် နံကပ်တိုက်	နံကပ်တိုက် ပျဉ်ထောင်	မြေစိုက်ဧလီသွပ်၊ ထရံကာ၊ သွပ်မိုး	ထန်းရွက်၊ သွပ်မိုး၊ မြေစိုက်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	စက်တပ်ထော်လာ ဂျီ+ချွေလှေ့စက်၊ လက်တွန်းထွန်စက်	လက်တွန်းထွန်စက်၊ မြက်ရိတ်စက်	လက်တွန်းလယ်ထွန်စက်အချို့၊ မြက်ရိတ်စက်	တံစဉ်၊ ပေါက်ပြား၊ လက်ယက္ကန်း
အဓိကစီးပွားရေးလုပ်ငန်း	လယ်	လယ်	လယ် ယက္ကန်း	ကျဘန်း
အိမ်ထောင်စု	၁၇	၂၆	၇၀	၆၇

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ရွာသာရွာတွင် အဆင့်(၁)အဆင်ပြေသောအိမ်ထောင်စုအရေအတွက်မှာ ၁၇ဖြစ်ကာ အဆင့် (၂)အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ (၂၆)ရှိသည်။ မပြေလည်သောအိမ်ထောင်စု အဆင့်(၃)မှာ (၇၀)ရှိပြီး အဆင့်(၄) အလွန်မပြေလည်သော အိမ်ထောင်စုမှာ (၆၇)စသဖြင့် အသီးသီးရှိကြပါသည်။ အဆင့်(၁)မှာ (၁၀)ဧကမှ (၂၀)ဧကအထိရှိပြီး အဆင့်(၄)မှာ လယ်ယာမြေလုံးဝ မပိုင်ဆိုင်သူများဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်.. ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ .....

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၁		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။..... .....

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☑	နိမ့် ☐	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၆	မုန်တိုင်း	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၂	ငှက်ဖျားရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့် ☑	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့် ☐	မရှိ ☑

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲစသည်	မြင့် ☐	လတ်☐	နိမ့် ☑	မရှိ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရံဖန်ရံခါ ရေကြီးခြင်းဖြစ်သဖြင့် ကျေးရွာရှိ လမ်းများ ထိခိုက်ပျက်စီးခြင်းများ ဖြစ်ရပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဧယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	လူငယ်	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐	လတ် ☒	နိမ့်☐	မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐	လတ် ☐	နိမ့်☒	မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☒
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၅	ဆေးစွဲသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ☑
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☒	လတ် ☐	နိမ့်☐	မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိ လူငယ်များအနေဖြင့် သောက်စားမူးရစ်သွားလာခြင်းမှ ထိခိုက်မှု အနည်းငယ် ရှိနိုင်သည်။ လက်လုပ်လက်စား/ကျဘန်းများမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုကြောင့် စီးပွားရေးမှာ အခြေအနေများစွား ထိခိုက်စေနိုင်ပါသည်။ ကားမောင်းပြီး အသက်မွေးဝမ်းကျောင်းပြုသူများမှာလည်း ထိခိုက်လွယ်မှု များစွာရှိနိုင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဂေါပက	၁☐ ၂☐ ၃☒				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐
၂	လူမှုရေးအဖွဲ့	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☒ ဘာသာရေး ☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☒ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☒ ညံ့ ☐
၃	မီးသတ်ဖွဲ့	၁☐ ၂☒ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐	ကောင်း ☐ သင့် ☒

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ညံ့ ☐
၄	အမျိုးသားအဖွဲ့	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၅	အမျိုးသမီးအဖွဲ့	၁☐ ၂☐ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၆	စာသင်ကျောင်းကော်မတီ	၁☐ ၂☑ ၃☐				ပညာရေး ☑ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၇	ရပ်မိရပ်ဖ	၁☐ ၂☑ ၃☐				ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☑ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☑ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☑ ညံ့ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ရွာသာရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများအဖြစ် ကာကွယ်ရေး၊ လူမှုရေး၊ ဘာသာရေးအခြေပြုအဖွဲ့အစည်းများ စုစုပေါင်း (၇)ဖွဲ့ရှိကာ အဖွဲ့အစည်းများ၏ စွမ်းဆောင်မှု သင့်သည်ဟု

ဖော်ပြကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	ယူနီဆပ်	၁☐ ၂☑ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☑ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	ဓမ္မဝိရ	၁☒ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁☐ ၂☒ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☒ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁☒ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☒ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၅		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၆		၁☐ ၂☐ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ- **ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (ဥပမာ GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – **သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်**) **တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။**

လေ့လာတွေ့ရှိချက်။ ။ ရွာသာကျေးရွာတွင် ပြင်ကအဖွဲ့အနေဖြင့် ယူနီဆပ်အဖွဲ့မှ ကျန်းမာရေးအတွက် လာရောက် ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၆၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၁	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၇	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၃၁	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၂	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၈၀	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု အရေအတွက်များပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၆၁၃	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်☒ မဖြေဆိုပါ□	ရှိ☒ မရှိ□ မဖြေဆိုပါ □
၂	ရေလွဲဆည်		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၄	ရေသွင်းမြောင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်းရေတွင်း		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ		တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ဆည်ရေသောက်လယ်ဧက(၆၁၃)ဧကရှိပြီး ရာသီအလိုက်သီးနှံများစိုက်ပျိုးနိုင် ကြောင်း တွေ့ရှိရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ဧကော အထွက်နှုန်း				သီးနှံစိုက်ပျိုး သည့်ကာလ		သွင်းအားစုလိုအပ်ချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	မှ	ထိ		
မိုးစပါး	ဖဒ၃	တင်း	၅၀	၈၀	၇၀	ဝါဆို	ဝါခေါင်	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
နွေစပါး	ဖဒ၃	တင်း	၇၀	၁၀၀	၈၀	တပေါင်း	တန်ူး	မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□ နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

